**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
**www.knuhq.org**

## “စစ်ကိုင်းဖိုရမ်” တစ်နှစ်ပြည့် အခမ်းအနားသို့ ပေးပို့သော ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး ၏ သဝဏ်လွှာ

မေလ (၃၀)ရက်၊ ၂၀၂၄ ခုနှစ်။

၂၀၂၄ ခုနှစ် မေလ(၃၀)ရက်နေ့သည် စစ်ကိုင်းဖိုရမ် ဖြစ်တည်ခဲ့ခြင်းနှင့်အတူ ဖိုရမ်ကျင်းပနိုင်ခဲ့ခြင်း၏ တစ်နှစ်ပြည့်လည်း ဖြစ်သည်။ စစ်ကိုင်းဖိုရမ် တစ်နှစ်ပြည့်အခမ်းအနား ကျင်းပပြုလုပ်ခဲ့ခြင်းနှင့်အတူ “စစ်ကိုင်းဖိုရမ်” တွင် အင်တိုက်အားတိုက် ပါဝင်နေကြသော တော်လှန်ရေး အင်အားစုများအားလုံး ဘေးရန်ကင်းရှင်းခြင်း၊ ကျန်းမာခြင်း၊ အခက်အခဲများကို ကျော်လွှားနိုင်ခြင်း ရှိပါစေကြောင်း မေတ္တာပို့သရင်း မြန်မာနိုင်ငံရှိ “ဗမာ” တိုင်းရင်းသား လူမျိုးနှင့် အခြားသော တိုင်းရင်းသားလူမျိုးအားလုံးတို့သည် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဖွဲ့စည်းမည့် ဘုံရည်မှန်းချက်နှင့် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်မည့် ပြည်ထောင်စုကို အတူတကွ တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စစ်မှန်သောငြိမ်းချမ်းရေး နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို လိုလားသော “ဗမာ” နိုင်ငံရေး အင်အားစုများ ပါဝင်သည့် ဖက်ဒရယ်ယူနစ်အခြေပြု နိုင်ငံရေးလမ်းကြောင်းဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကို လက်တွေ့အောက်ခြေမှ ထူထောင်မည့်လုပ်ငန်းစဉ်ဖြင့် ပို၍ဟန်ချက်ညီသော အာဏာရှင်စနစ်တော်လှန်ရေး နှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးသည် တူညီသော “တက်” နှင့် တူညီသော “လှေ” ဖြင့် ပိုမိုသဟဇာတရှိသော လူအဖွဲ့အစည်း နှင့် ကောင်းမွန်သော နိုင်ငံသစ်သို့ ချီတက်နိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိမြန်မာနိုင်ငံ ကြုံတွေ့နေရသော နိုင်ငံရေး ပြဿနာသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမှ အစပြုခဲ့သည် မဟုတ်ပဲ မြန်မာနိုင်ငံသစ် ပေါ်ထွန်းလာသည့် ခေတ် (ဝါ) လွတ်လပ်ရေးခေတ်မှ မြစ်ဖျားခံ လာသည်ကို ရှု့မြင်လက်ခံစေလိုသည်။

ပထမအကြိမ် "စစ်ကိုင်းဖိုရမ်" ပြီးမြောက်သည့် အချိန်မှစ၍ "စစ်ကိုင်းဖက်ဒရယ်ကောင်စီ(ရှေ့ပြေး)"ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းနှင့်အတူ စစ်ကိုင်းတော်လှန်ရေးအင်အားစုများအကြား တိုးတက်မှုများ၊ စိန်ခေါ်မှုများ၊ သင်ယူမှုများနှင့် ဟန်ချက်ညီမှုများကို တွေ့မြင်ရသည်။ "စစ်ကိုင်းဖိုရမ်" မှတဆင့် တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွက် မူဝါဒအားဖြင့် နိုင်ငံရေး နှင့် စစ်ရေး နည်းလမ်းအမျိုးမျိုးဖြင့် တိုက်ပွဲဝင်ကြရန် အားပေးတိုက်တွန်းလိုသည်။ ဤတော်လှန်ရေးသည် စနစ်ပြောင်းလဲရေးအတွက် အဓိကဦးတည်သော တော်လှန်ရေးဖြစ်သောကြောင့် "စစ်ကိုင်းဖိုရမ်" မှသည် ပိုမို စုစည်းမှုရှိသော၊ ဆွေးနွေးအဖြေရှာသော၊ နားလည်မှုရှိသော၊ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်မှုရှိသော၊ စည်းကမ်းရှိသော တော်လှန်ရေးဖြစ်လာစေကြောင်းနှင့် အောင်မြင်မှုများ ရှိပါစေကြောင်းကို ဆန္ဒပြု ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် အဓိက သော့ချက်ဖြစ်သောကြောင့် ပိုမို စည်းလုံးညီညွတ်သော အင်အားစုများပေါ်ပေါက်လာရန်အတွက်  အချင်းချင်း ဆွေးနွေးအဖြေရှာခြင်း၊ ညှိနှိုင်းခြင်း၊ လေးစားခြင်း၊ နားထောင်ခြင်းများဖြင့် ကြိုးပမ်းကြပြီး၊ ပိုမိုစနစ်ကျမှု၊ အမျော်အမြင်ရှိမှု၊ ပေးဆပ်မှု၊ ရဲရင့်မှု၊ ဖြောင့်မတ်မှု နှင့်အတူလက်နက်ကိုင်တော်လှန်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး ဆိုင်ရာ လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ကြရန် ဆန္ဒပြုသည်။

တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးတို့အား အသိအမှတ်ပြုလေးစား တန်ဘိုးထား ကြပြီး အချင်းချင်းလေးစားချစ်ခင်မှုနှင့်အတူ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို ချုပ်ငြိမ်းခြင်း နှင့်မဟာလူမျိုးကြီးဝါဒကို အဆုံးသတ်စေပြီး အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ် တည်ဆောက်ရေးတွင် အတူတကွ လက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် အသင့်ရှိကြောင်း ဆန္ဒပြုရင်း ဤ သဝဏ်လွှာအား ပေးပို့လိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်